# စာသင်သားအသက်အာမခံစည်းကမ်းချက်များ

## စာသင်သားအသက်အာမခံအကျိုးခံစားခွင့်များ

### (၁) ပညာသင်ထောက်ပံ့ကြေး အကျိုးခံစားခွင့် (Cash Payout Benefit)

**၁။** ပရီမီယံများကို သက်တမ်းဆုံးသည်အထိ ပေးသွင်းပြီးနောက် စာသင်သား အသက်အာမခံအကျိုးခံစားခွင့်ငွေကို တက္ကသိုလ် ပညာရေးအတွက် ပညာသင်ထောက်ပံ့ကြေးအဖြစ် အာမခံထားသူ (ရင်သွေးငယ်) အသက်(၁၇)နှစ်မှစ၍ အသက် (၁၈) နှစ်၊ အသက် (၁၉) နှစ်၊ အသက် (၂၀)နှစ်တို့တွင် အာမခံထားငွေ၏ (၂၅) ရာခိုင်နှုန်းကျစီ (၄)ရစ်အညီအမျှခွဲ၍ နှစ်စဉ်ပေးပါမည်။

၂။ အကျိုးခံစားခွင့်ထုတ်ယူမည့် အာမခံထားသူ (ရင်သွေးငယ်)သည် အသက် (၁၈) နှစ်အောက်ဖြစ်လျှင် အာမခံဝယ်ယူသူ (Policy Holder) သို့ အချိုးကျ အကျိုးခံစားခွင့်ငွေ ထုတ်ပေးပါမည်။

### (၂) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

**၁။** ပေါ်လစီတည်မြဲနေစဉ်ကာလအတွင်း အာမခံထားသူရင်သွေးငယ် သေဆုံးခဲ့လျှင် ရင်သွေးငယ်သည် အသက် (၁)နှစ်မှ (၃)နှစ်အတွင်း ဖြစ်ပါက အာမခံထားငွေ၏ (၂၅%)၊ ရင်သွေးငယ်အသက် (၃)နှစ် ပြည့်ပြီးသည့်နေ့မှ နောက်ပိုင်း သေဆုံးခဲ့လျှင် အာမခံထားငွေကို ထုတ်ပေးမည်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ထုတ်ပေးရာတွင် ပေးပြီးအကျိုးခံစားခွင့်နှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကိုနှုတ်၍ ကျန်ငွေကိုသာ အာမခံဝယ်ယူသူအား တလုံးတည်း ထုတ်ပေးပြီးချိန်တွင် ပေါ်လစီရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

**၂။** ပရီမီယံသက်တမ်းပြီးဆုံးသည့်နောက်ပိုင်း အာမခံထားသူ(ကလေး) သေဆုံးခြင်းဖြစ်လျှင် အာမခံထားငွေမှ ယခင်ပေးပြီး အကျိုးခံစားခွင့်ကို နှုတ်၍ ကျန်အာမခံထားငွေကိုသာ ပေးမည်ဖြစ်ပါသည်။ စုစုပေါင်း အာမခံထားငွေအထိသာ ပေးချေသွားမည်ဖြစ်ပါသည်။

**၃။** အာမခံထားသူသေဆုံးပြီး အလောင်းရှာမတွေ့ပါက (၂) နှစ် စောင့်ဆိုင်းရမည်ဖြစ်ပြီး မျက်မြင်အားဖြင့် သွားလာလှုပ်ရှားမှုမရှိကြောင်းကို ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ရရှိလျှင် ကုမ္ပဏီမှ ရရန်ရှိငွေများကိုနှုတ်၍ ကျန်အကျိုးခံစားခွင့်ငွေကို အာမခံဝယ်သူ (Policy Holder) အား တစ်လုံးတည်း ထုတ်ပေးပါမည်။

### (၃) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Permanent Total Disability Benefit)

**၁။** ပေါ်လစီတည်မြဲနေစဉ် ကာလအတွင်း အာမခံထားသူ ရင်သွေးငယ် ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်လျှင် အာမခံထားသည့် ရင်သွေးငယ်သည်အသက် (၁)နှစ်မှ (၃)နှစ် အတွင်းဖြစ်ပါက အာမခံထားငွေ၏ (၂၅%) သာ ထုတ်ပေးမည်ဖြစ်ပြီး ရင်သွေးငယ်အသက် (၃) နှစ်ပြည့်ပြီးသည့်နေ့မှ နောက်ပိုင်း ထာဝစဉ်မသန်စွမ်းဖြစ်လျှင် အာမခံထားငွေကို ထုတ်ပေးမည်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ထုတ်ပေးရာတွင် ပေးပြီးအကျိုးခံစားခွင့်နှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကို နှုတ်၍ ကျန်ငွေကိုသာ အာမခံဝယ်ယူသူအား တလုံးတည်းထုတ်ပေးပြီး ပေါ်လစီရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

ပရီမီယံသက်တမ်း ပြီးဆုံးသည့် နောက်ပိုင်း အာမခံထားသူ (ကလေး) ထာဝစဉ်မသန်စွမ်းဖြစ်လျှင် အာမခံထားငွေမှ ယခင်ပေးပြီး အကျိုးခံစားခွင့်ကိုနုတ်၍ ကျန်အာမခံထားငွေကိုသာ ပေးမည်ဖြစ်ပါသည်။ စုစုပေါင်းအာမခံထားငွေအထိသာ ပေးချေသွားမည်ဖြစ်ပါသည်။

၂။ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းဆိုသည်မှာ -

(၁) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း။

(၂) လက်ကောက်ဝတ်အထက်ပိုင်းမှ လက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(၃) ခြေကျင်းဝတ်အထက်ပိုင်းမှ ခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍မရခြင်း။

(၄) မျက်စိတစ်ဖက် လုံးဝကွယ်ခြင်းနှင့် လက်ကောက်ဝတ်အထက်ပိုင်း လက်တစ်ဖက်ပြတ်ခြင်း/ အသုံးပြု၍ မရခြင်း၊ ခြေကျင်းဝတ်အထက်ပိုင်း ခြေတစ်ဖက်ပြတ်ခြင်း/ လုံးဝအသုံးပြု၍မရခြင်း။

မှတ်ချက်။ ။ အထက်ပါအချက်များ အကြုံးမဝင်သော်လည်း ကုသသည့်ဆေးရုံမှ အထူးကုဆရာဝန်၏ လုံးဝထာဝစဉ်မသန်စွမ်းဖြစ်ကြောင်း ထောက်ခံချက်ရရှိလျှင် ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် ရရှိနိုင်သည်။

**(၄) ပရီမီယံပေးသွင်းခြင်းမှကင်းလွတ်ခွင့်ရရှိနိုင်ခြင်း(Premium Waiver Benefit)**

ပေါ်လစီတည်မြဲနေစဉ်ကာလအတွင်း စာသင်သားအသက်အာမခံဝယ်သူ (Policy Holder) သေဆုံးလျှင်ဖြစ်စေ၊ ရောဂါကြောင့်သော်လည်းကောင်း မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း ထာဝစဉ်မသန်စွမ်းဖြစ်လျှင်ဖြစ်စေ ဆက်လက်ပေးသွင်းရန်ကျန်သော ပရီမီယံကို ပေးသွင်းရန်မလိုဘဲ ကင်းလွတ်ခွင့်ပြုသည်။

**(၅) အာမခံဝယ်ယူသူမှ ပေါ်လစီကို စာရင်းပိတ်နိုင်ခြင်း(Paid-up Policy)**

ကျသင့်ပရီမီယံကို ၃ နှစ် တဆက်တည်းပေးသွင်းပြီးပါက ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့လျှင် ပေါ်လစီကို စာရင်းပိတ်ပေါ်လစီအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။ စာရင်းပိတ်ထားသည့် ပေါ်လစီမှ ရနိုင်ခွင့်ရှိသည့် အာမခံထားငွေကို အာမခံထားသူအသက် (၁၇) နှစ် ပြည့်သည့်အချိန်မှစ၍ စာရင်းပိတ်တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကျစီ ၄ ရစ် အညီအမျှခွဲ၍ နှစ်စဉ် (အာမခံထားသူ အသက် ၁၇ နှစ်၊ ၁၈ နှစ်၊ ၁၉ နှစ်၊ ၂၀ နှစ်တို့တွင်) ထုတ်ပေးပါမည်။

**(၆) အာမခံဝယ်ယူသူမှ အမ်းငွေထုတ်ယူနိုင်ခြင်း (Surrender Value)**

ကျသင့်ပရီမီယံကို ၃ နှစ် တဆက်တည်းပေးသွင်းပြီးပါက ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့လျှင် ပေါ်လစီကို အမ်းငွေပေါ်လစီအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။ အမ်းငွေထုတ်ယူရာတွင် မိမိပေးသွင်းထားသော ပရီမီယံမှ အပြည့်အဝရရှိမည်မဟုတ်ပါ။

**(၇) စာသင်သားအသက်အာမခံပေါ်လစီမှ ငွေချေးယူနိုင်ခြင်း(Policy Loan)**

၃ နှစ် တဆက်တည်း ပရီမီယံပေးသွင်းပြီးသည့် ပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်ခွင့်ရှိသည်။

**<u>အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ</u>**

**(၁) အာမခံထားသူ(ရင်သွေးငယ်) (သို့မဟုတ်) အာမခံဝယ်ယူသူ (Policy Holder) သေဆုံးခြင်း**

၁။ အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း။

၂။ အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် တစ်နှစ်အတွင်းသေဆုံးခြင်း။

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

**(၂) အာမခံထားသူ(ရင်သွေးငယ်) (သို့မဟုတ်) အာမခံဝယ်ယူသူ (Policy Holder) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း**

၁။ အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုအနာတရဖြစ်အောင် လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

၂။ အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်းကြောင့် မသေဘဲထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

၃။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

၄။ ဘေးအန္တရာယ်ဖြစ်စေသောဆေးကို မှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

၅။ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

၆။ အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

**ပေါ်လစီစည်းကမ်းချက်များ**

**ပရီမီယံပေးသွင်းခြင်း-** ပရီမီယံကို (၁)နှစ်တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ်၊ (၁)လတစ်ကြိမ် ပေးသွင်းနိုင်ပါသည်။ (၁)နှစ် တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ် ပေးသွင်းသည့်ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၃၀) ခွင့်ပြုပါသည်။ (၁)လတစ်ကြိမ် ပေးသွင်းသည့်ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၁၅) ရက် ခွင့်ပြုပါသည်။ ၃ နှစ် တဆက်တည်း ပရီမီယံ မပေးသွင်းရသေးသော ပေါ်လစီသည် အပိုရက်များအတွင်း၌ ပရီမီယံ မသွင်းခဲ့သော် ပေါ်လစီ ပျက်ပါသည်။

**ပျက်သည့်ပေါ်လစီပြန်လည်တည်မြဲခြင်း** - ပေါ်လစီသည် အပိုရက်များအတွင်း၌ ပရီမီယံမသွင်းခဲ့သော် ပေါ်လစီပျက်သည်။ ပရီမီယံပေးသွင်းရန် ပျက်ကွက်သည့်ကာလ (၆)လထက်မပိုပါက ပျက်သည့်ပေါ်လစီကို ပြန်လည်တည်မြဲနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

- မိမိကိုယ်တိုင် ကျန်းမာကြောင်း ခံဝန်ချက်တင်ပြရန်။
- ပေးသွင်းရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် ယင်းပရီမီယံကျန်ငွေပေါ်တွင် တစ်နှစ်လျှင်အတိုးနှုန်း ၁၃ % ဖြင့် ပျက်ကွက်ကာလ အတွက် တွက်ချက်၍ ရသည့်အတိုးကို တပေါင်းတည်းပေးသွင်းရပါမည်။

ပရီမီယံပေးသွင်းရန် ပျက်ကွက်သည့်ကာလသည် (၆)လကျော်ပြီး တစ်နှစ်အတွင်းဖြစ်ပါက ပျက်သည့်ပေါ်လစီကို ပြန်လည်တည်မြဲနိုင်ရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

- မိမိစရိတ်ဖြင့်ကုမ္ပဏီမှ ညွှန်ကြားသည့်အတိုင်း ကျန်းမာရေးစစ်ဆေးရမည်။
- ရလဒ်ကောင်းမွန်ပါက ပေးသွင်းရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် ယင်းပရီမီယံကျန်ငွေပေါ်တွင် တစ်နှစ်လျှင် အတိုးနှုန်း ၁၃ % ဖြင့် ပျက်ကွက်ကာလအတွက် တွက်ချက်၍ ရသည့်အတိုးကို တပေါင်းတည်းပေးသွင်းရပါမည်။

အကယ်၍ အထက်တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း ပေါ်လစီကို ပြန်လည်တည်မြဲရန် မဆောင်ရွက်ပါက ပေါ်လစီ ပျက်သည်။

**အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

- အမ်းငွေရသင့်တန်ဖိုး ရရှိနိုင်သော ပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့် ပရီမီယံ၊ အတိုးနှင့် ကုမ္ပဏီမှရရန်ရှိငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်းနုတ်ယူပြီး ပေါ်လစီကို အလိုအလျောက်တည်မြဲစေနိုင်ပါသည်။ အဆိုပါပေးရန်ကျန်ပရီမီယံငွေပေါ်တွင် တစ်နှစ်လျှင် ၁၃% အတိုးပါ ထည့်သွင်းတွက်ချက်ပါမည်။

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

- အာမခံဝယ်သူ (Policy Holder) မှ ပေးသွင်းရန်ကျန်သည့် ပရီမီယံကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမ်းငွေရသင့်တန်ဖိုးမှ နှုတ်၍ အလီလီပေးသွင်းခြင်းဖြင့် အမ်းငွေရသင့်တန်ဖိုး ကုန်သွားပါက ပေါ်လစီ ပျက်သည်။
- အထက်တွင်ဖော်ပြခဲ့သည့်နည်းဖြင့် အလိုအလျောက် တည်မြဲစေသည့် ပေါ်လစီအတွက် ပေးရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် အတိုးကို တစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့် ပေါ်လစီကို ပြန်လည်တည်မြဲစေနိုင်သည်။ ဤကဲ့သို့တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟု ကုမ္ပဏီမှယူဆလျှင် ပြန်လည်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို အာမခံဝယ်သူမှ ကျခံရမည်ဖြစ်ပါသည်။
- စစ်ဆေးသည့်ဆရာဝန်၏ ထောက်ခံချက်အရ လက်ခံနိုင်သည့်အနေအထားရှိလျှင် ပေါ်လစီပြန်လည်တည်မြဲခွင့်ပြုမည်ဖြစ်ပြီး လက်ခံနိုင်သည့် အနေအထားမရှိပါက ပေါ်လစီပြန်လည်တည်မြဲခွင့် ရှိမည်မဟုတ်ပါ။
- ဤကဲ့သို့ အလိုအလျောက်ပေါ်လစီတည်မြဲနေသောကာလအတွင်း အာမခံထားသူ ကွယ်လွန် / ထာဝစဉ် မသန်စွမ်းဖြစ်ခဲ့သော် တင်ရှိနေသော ပရီမီယံအကြွေးများ၊ တစ်နှစ်လျှင် ၁၃ % ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကို နှုတ်ယူပြီးလျှင် ကျန်အကျိုးခံစားခွင့်ငွေကို တလုံးတည်း ထုတ်ပေးမည်။ သို့ရာတွင် အာမခံဝယ်သူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုးထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံထားသူသေဆုံး/ ထာဝစဉ်မသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူကွယ်လွန်/ ထာဝစဉ်မသန်စွမ်းဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး အာမခံဝယ်သူမှ ပေးရန်ကျန်သည့် စုစုပေါင်းငွေကိုနှုတ်၍ ကျန်ငွေကို အာမခံဝယ်သူ (Policy Holder) သို့ ထုတ်ပေးပါမည်။
- အလိုအလျောက်ပေါ်လစီတည်မြဲနေသောကာလအတွင်း အာမခံဝယ်သူ (Policy Holder) ကွယ်လွန် / ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့သော် ပရီမီယံပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်အကျိုးခံစားခွင့်ရှိပါသည်။ တင်ရှိနေသော ပရီမီယံအကြွေးများ၊ တစ်နှစ်လျှင် ၁၃ % ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကို ပညာသင်ထောက်ပံ့ငွေအကျိုးခံစားခွင့်မှလည်းကောင်း၊ ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်မှလည်းကောင်း သေဆုံးမှုအကျိုးခံစားခွင့်မှလည်းကောင်း နှုတ်၍ပေးပါမည်။ သို့ရာတွင် အာမခံဝယ်သူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုးထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံဝယ်သူ သေဆုံး/ ထာဝစဉ်မသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံဝယ်သူ သေဆုံး / ထာဝစဉ်မသန်စွမ်းဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး အာမခံဝယ်သူမှ ပေးရန်ကျန်သည့် စုစုပေါင်းငွေကိုနှုတ်၍ ကျန်ငွေကို အာမခံထားသူ အသက် ၁၇၊ ၁၈၊ ၁၉၊ ၂၀ တို့တွင် အရစ်ကျ အကျိုးခံစားခွင့်ပြုပါမည်။